မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
December 24 , 2024 Volume 85 , Number 17

## ၂၄.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၄.၆၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၃၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၄.၁၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၁.၀၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၅၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၅၀၀၀ ကျော် တင်ပို့နိုင်



မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်ဧပြီလမှနိုဝင်ဘာလကုန်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၅၀၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်းငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောပြသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၅၂၉၈ ဒသမ ၅၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၇၁ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။


ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၄၃၃၅ ဒသမ ၆၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၄၃ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၆၂ ဒသမ ၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၂၈ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၅၂၉၈ ဒသမ ၅၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၇၁ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံစသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့်ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရာ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ စုစုပေါင်းရေထွက်ကုန် မက်ထရစ်တန် ၃၄၈,၅၃၆ ဒသမ ၃၉၉

တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၁၈၁ သန်းရရှိထားကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## အိန္ဒိယမှ ပိုတိုးဝယ်သဖြင့် မြန်မာ့ပြောင်း ဈေးကောင်းဆက်ရနေ




အိန္ဒိယအပါအဝင် ဖိလစ်ပိုင်၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေရဲ့ ဝယ်လိုအား တက်လာတာကြောင့် ပြည်တွင်းဈေးကွက်အတွင်းမှာ မြန်မာ့ပြောင်းဆန် ဈေးကောင်းဆက်ရနေကြောင်း ပြောင်းလုပ်ငန်းရှင်များထံက သိရပါတယ်။

မြန်မာ့ပြောင်းဆန်ရဲ့ အဓိကဝယ်လက်ဖြစ်တဲ့ထိုင်းနိုင်ငံကို အခွန်ကင်း လွတ်ခွင့်နဲ့ တင်ပို့ခွင့်ပြီးဆုံးသွားပေမဲ့ ပြောင်းဈေးတက်ရိပ်ပြနေဆဲဖြစ်ပြီး ဈေးဆက်တက်နိုင်ချေရှိတယ်လို့ ဆိုကြပါတယ်။

“လက်ရှိ ထိုင်းနိုင်ငံကိုတင်ပို့တဲ့ကာလတော့မဟုတ်သေးဘူး။ ဒါပေမဲ့ အိန္ဒိယ၊ဖိလစ်ပိုင်နဲ့အခြားနိုင်ငံတွေကအမှာများနေတော့အရောင်းအဝယ်ကောင်းနေပါတယ်”လို့မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း (MCIA)မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြည်တွင်းပြောင်းဆန်ဈေးကိုကြည့်ရင် အောက်တိုဘာလမှာ ပြောင်းဆန်တစ်ပိဿာ ၁၃၅၀ ကျပ် မှ နိုဝင်ဘာလမှာ ၁၅၅၀ ကျပ်ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်နေ့မှာဆိုရင် တစ်ပိဿာ ၁၆၇၀ ကျပ်အထိ ပေါက်ဈေးရှိနေပါတယ်။

MCIA ရဲ့ စာရင်းတွေအရ ယခုဘဏ္ဍာနှစ် ၈ လအတွင်းမှာ ပြည်ပကို မြန်မာ့ပြောင်းဆန်တန်ချိန် ၁ ဒသမ ၇ သန်း ဝန်းကျင် တင်ပို့ထားကြောင်း သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှပြုစုထားတဲ့ စာရင်းတွေအပြင် လက်ရှိပြောင်းအထွက်နှုန်းနဲ့မျိုးစေ့ရောင်းချရမှုအခြေအနေပေါ်လေ့ လာတွက်ချက်မှုတွေအရ မြန်မာတစ်နိုင်ငံလုံးမှာစုစုပေါင်းပြောင်းစိုက်ဧက ၂ သန်းကျော် ရှိပါတယ်။

ပြောင်းထုတ်လုပ်မှုအနေနဲ့မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့်ထွက်ရှိပြီးတန်ချိန် ၂ ဒသမ၂ သန်းကို ပြည်ပကိုတင်ပို့ ကာလက်ကျန်တန်ချိန် ၁ သန်းခန့်ကို ပြည်တွင်းမှာသုံးစွဲပါတယ်။

မြန်မာ့ပြောင်းဆန်ရဲ့ FOB ဈေးဟာ အမေရိကန်ဒေါ်လာ ၂၅၅-၂၆၅ ဝန်းကျင်ရှိပြီး ပြည်ပတင်ပို့မှုကနေ တစ်နှစ်ကို အမေရိ ကန်ဒေါ်လာ သန်း ၇၀၀ ဝန်းကျင်လောက်ရရှိနေပါတယ်။

**Source :** https://htwettoe.com/

## ပဲလွန်းဖြူ၊ ပဲလွန်းပြာများ အသစ်ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေး



ပဲ၊ နှမ်း ဈေးကွက်အတွင်း ပဲလွန်းဖြူ၊ ပဲလွန်းပြာများ အသစ်ဝင် ရောက်လာသော်လည်းဈေးကောင်းမရရှိသေးကြောင်းပဲ၊ နှမ်းကုန်သည် များထံက သိရသည်။

လက်ရှိ ပဲ၊ နှမ်းဈေးကွက်အတွင်းပဲလွန်းဖြူ၊ ပဲလွန်းပြာများအသစ် ဝင်ရောက်လာရာသုံးတင်းဝင်တစ်အိတ်လျှင်ကျပ် ၃၅၀,၀၀၀ –၂၈၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုတွေနှင့်အတူ ပြည်တွင်း ပဲ၊ နှမ်း ဈေးကွက်မှာ ဈေးနှုန်းအနည်းငယ်ကျဆင်းလာကြောင်း ပဲဆီများဝယ် လိုအားကျဆင်းနေသဖြင့် မြေပဲဆန်ဈေးတွေဈေးကျဆင်းအဝယ်အေးလာကြောင်း လက်ရှိမှာပြည်တွင်းကုန်စည်ပို့ဆောင်ရာမှာ

မလိုလားအပ်သည့်ကုန်ကျစရိတ်များရှိလာသောကြောင့် ကုန်သည်များအရောင်းအဝယ်ပြုလုပ်မှုနည်းလာကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

" ပဲဈေးကွက်က အကုန်ဈေးတွေကျဆင်းလာပါတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုတွေအကုန် သုံးတင်းဝင်တစ်အိတ် ကျပ်သုံးသိန်းအောက်ကို ဈေးကျဆင်းနေပါတယ်။ ကျန်တဲ့ ပြည်တွင်းသုံးပဲတွေလည်း ထူးခြားမှုမရှိဘဲ ကနေဒါစားတော်ပဲတွေလည်း ဈေးကျဆင်းနေပါတယ်။ မြေပဲဆန်တွေလည်း ပဲဆီတွေမရောင်းရတော့ ဈေးအေးနေပါတယ်။ ဒေါ်လာဈေးကျဆင်းမှုနဲ့အတူ ပြည်တွင်းမှာ ကုန်စည်ပို့ဆောင်ရာမှာလည်း မလိုလားအပ်တဲ့ကုန်ကျစရိတ်တွေရှိလာတော့ ပဲဈေးကွက်ကျဆင်းချိန်မှာ ကုန်သည်တွေ အရောင်းအဝယ်သိပ်မလုပ်ချင်ကြဘူးဖြစ်နေပါတယ်။ပဲအသစ်အနေနဲ့ ပဲလွန်းဖြူပဲလွန်းပြာတွေဝင်ရောက်နေပါပြီ "ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ပို့ကုန်မတ်ပဲ(ဟောင်း)တစ်အိတ်လျှင်ကျပ် ၃၄၀,၀၀၀၊မတ်ပဲ(အသစ်) တစ်အိတ်လျှင်ကျပ် ၃၂၀,၀၀၀၊ ပဲစင်းငုံမှာပဲနှမ်းဈေးကွက်သို့ ဝင်ရောက်မှုမရှိသေးသော်လည်း နယ်ဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၆၀, ၀၀၀ ခန့်ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း (အညာ)တစ်အိတ်လျှင် ကျပ် ၃၁၅,၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးမြင့်တက်အဝယ်သွက်နေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာအဝယ်အေးနေရာ ဒီဇင်ဘာ ၁၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၂၈၇,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀ ၊ 929 ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာဈေးအနည်းငယ်မြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀၊ ပဲထောပတ်(ဂေါက်) တစ်အိတ်လျှင် ကျပ် ၄၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင်ကျပ် ၃၄၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ကျပ် ၄၉၀,၀၀၀ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၈၄၀၀-၈၅၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာအရောင်းအဝယ်ပြန်သွက်လာရာ ဒီဇင်ဘာလ ၁၉ ရက်တွင် နှမ်းနက် (စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၆၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ကျပ် ၆၉၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၄၃၀,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၂၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၃၂၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ခန့်ကျဆင်းလာကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## တောင်ငူမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင် ဒေသခံတောင်သူလယ်သမားကြီးများသည် စိုက်ပျိုးမြေများကောင်းမွန်မှုကြောင့် နွေစပါး၊ မိုးစပါးနှင့်ဆောင်းသီးနှံများဖြစ်သောမတ်ပဲ၊ပဲတီစိမ်း၊ မြေပဲ၊ နေကြာ စသည့်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။

ယခုနှစ် စက်တင်ဘာလတွင်ရာဂီမုန်တိုင်းကြောင့် တောင်ငူမြို့နယ် စစ်တောင်းမြစ်ဘေးရှိ ကျေးရွာတချို့တွင်ရေကြီးရေလျှံမှုဖြစ်ပွား၍ စပါးခင်းများပျက်စီးမှုရှိသော်လည်းသီးနှံမှဝင်ငွေတိုးပွားစေရန်နှင့်စားနပ်ရိက္ခာဖူလုံစေရေးအတွက်မတ်ပဲကိုအားထားစိုက်ပျိုးကြပါသည်။

မတ်ပဲစိုက်ပျိုးသည့်ကျေးရွာများတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စနစ်တကျစိုက်ပျိုးရေးနှင့်ပိုးသတ်ဆေးနှင့် သွင်းအားစုများစနစ်တကျနှင့် အချိုးကျမှန်ကန်စွာသုံးစွဲနိုင်ရေးများကိုကျေးရွာများတွင်သင်တန်းပေးခြင်း၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကွင်းတာဝန်ခံများမှကြီးကြပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မတ်ပဲစိုက်ပျိုးရိတ်သိမ်းပြီး နွေစပါးများပြန်လည်စိုက်ပျိုးနိုင်ရန်အတွက်အထွက်နှုန်းကောင်း၊ သက်တမ်းတိုမတ်ပဲမျိုးများကို စိုက်ပျိုးလာကြသည်။

မြန်မာနိုင်ငံဆီထွက်သီးနှံနှင့်ပဲမျိုးစုံအသင်းမှရာဂီမုန်တိုင်းကြောင့်ပျက်ဆီးသွားသည့်တောင်သူများအတွက် မတ်ပဲဧက ၁၀၀ ပဲတီစိမ်း ဧက ၃၀၀ တို့ကို မျိုးစေ့များ အခမဲ့လှူဒါန်းထောက်ပံ့ပေးထားသည်။

အထွက်ကောင်း TBL 9 မတ်ပဲ ၉၈၅၀ ဧက၊ ရေဆင်း ၅ မတ်ပဲ ၅၂၅၀ ဧက၊ ရေဆင်း ၇ မတ်ပဲ ၅၆၉၁ ဧက၊ စုစုပေါင်း ၂၀,၇၉၁ ဧက စိုက်ပျိုးထားသည်။

မတ်ပဲသက်တမ်း ၇၅ ရက်မှ ၉၀ ရက်သာရှိသဖြင့် နွေစပါးများလည်း အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်သည်။

တောင်ငူမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရာဂီမုန်တိုင်းအရှိန်ကြောင့်ပျက်ဆီးခဲ့သည့် ဆောင်းသီးနှံပြန်လည်စိုက်ပျိုးနိုင်ရန် ကျေးရွာအုပ်စု ၁၃ ခု၊ ဧကပေါင်း ၁၄,၀၀၆ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း ချေးငွေထုတ်ချေးထားပြီးဖြစ်ရာ မတ်ပဲအတွက်လိုအပ်သည့် သွင်းအားစုများ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အပွင့်အားဆေးများကို ဝယ်ယူစုဆောင်းထားရှိကြကြောင်းသိရသည်။

ယခင်နှစ်က အထွက်နှုန်း ၁၉ ဒသမ ၇၈ တင်းဖြစ်ပြီးမတ်ပဲစိုက်ဧကများအားလုံး အပင်ပေါက်ကောင်းမွန်လျက်ရှိပြီး ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိပါက တောင်သူဦးကြီးများ ဝင်ငွေတိုးတော့မည်ဖြစ်သည်။


ယခင်နှစ်က မတ်ပဲဈေးနှုန်းမှာ ပိဿာ ၃၀ အိတ်တစ်အိတ်လျှင် ၁၄၅,၀၀၀ ကျပ်ဖြစ်ပြီး ယခုနှစ် ပေါက်ဈေးမှာ ၁၇၅,၀၀၀ ကျပ်ဖြစ်သည်။

တောင်သူလယ်သမားတစ်ဦးချင်းမတ်ပဲပေါ်ချိန်တွင်ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိ၍ဈေးကောင်းရောင်းရပါကဝင်ငွေတိုးကာ တိုင်းပြည်၏ GDP တိုးတက်လာမည်ဖြစ်ပါကြောင်း သိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၌ ဆောင်းသီးနှံပဲတီစိမ်းများ ဈေးကောင်းရနေ



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ အမှတ်-၆ ရပ်ကွက်ရှိ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကိုလည်း စုစုပေါင်း ဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလတွင်စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊မျိုးအနေဖြင့်ဘုံခုနှစ်ဆင့်ပဲတီစိမ်း (အကြီးမျိုး)များကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့်ကုန်ကျကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစုစရိတ်၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၁ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်း

ဒေသကြီးတို့သို့တင်ပို့ရောင်းချကြောင်း၊ယခုနှစ်တွင်ပဲတီစိမ်းအထွက်နှုန်းပိုမိုထွက်ရှိသည့်အပြင်ဈေးနှုန်းကောင်းမွန်သည့်အတွက် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## သာယာဝတီခရိုင်၏ မြက်တံမြက်စည်းလုပ်ငန်း



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်တွင် မြက်တံမြက်စည်းလုပ်ငန်းကို လုပ်သားအင်အား ကျား/ မ ၈ ဦးခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

မရှိမဖြစ်အိမ်သုံးပစ္စည်းဖြစ်သည့်အတွက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၊ မြက်တံမြက်စည်းပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းကို သာယာဝတီမြို့နယ်တောင်ညိုတောင်ပေါ်ကျေးရွာများမှရရှိပြီး မြက်၂၀ ကျပ်သားခန့်ကို အလုံးလေးရစ်လုံးခန့်လုံးရပါသည်။

ထို့နောက် ဆယ်ပင်ချည်ကြိုးဖြင့်ခိုင်ခံ့စွာတွဲ၍ချည်နှောင်ကာ ၂၄ လက်မခန့် ဆယ်ပင်ချည်ကြိုးဖြင့်ပတ်၍ပြီးမှ လက်ကိုင်အစွပ်စွတ်ပါသည်။

တံမြက်စည်းကို မြက်သားကျွတ်မထွက်စေရန် ချုပ်သား ၃ ကြောင်း နိုင်လွန်ကြိုးဖြင့်ချည်နှောင်ကာ တံမြက်စည်းထိပ်သားများညီညာစေရန် ကပ်ကြေးဖြင့်ဖြတ်ရပါသည်။

ထို့နောက် ပလတ်စတစ်ဖြင့် မြက်သားစွပ်ပြီးတံဆိပ်ကပ်ရပြီး ၁၀ ချောင်းတစ်တွဲတွဲရပြီးပီနံအိတ်တစ်အိတ်လျှင် ၁၀ ချောင်းစီတွဲထပ်ကာ ထုပ်ပိုး၍ ရောင်းချပါသည်။

တံမြက်စည်းများကို မြို့နယ်တွင်ရောင်းချပြီးရုံသာမကရန်ကုန်မြို့သို့တင်ပို့လျက်ရန်ကုန်မြို့မှတစ်ဆင့်ပြည်ပနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ ကိုယ်စားလှယ်မှတစ်ဆင့် စာချုပ်ချုပ်ဆိုကာ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည့် မူဝါဒအထောက်အပံ့များကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုသည် အရှိန်ရလာ

မကြာသေးမီက တိုးတက်မှုကိုအထောက်အကူဖြစ်စေသောမူဝါဒများကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုသည် နိုဝင်ဘာလတွင် အရှိန်အဟုန်မြင့်တက်လာခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလတွင် ပေါင်းစပ်မူဝါဒအစီအမံများ၏ သက်ရောက်မှုသည် ဆက်လက်ရှိနေခဲ့ပြီး လွန်ခဲ့သည့်လအတွက် စက်မှုကုန်ထွက်၊ ရင်းနှီးမြှုပ်နှံမှု၊ စားသုံးမှုနှင့် ဝန်ဆောင်မှုကဲ့သို့သော အဓိကစီးပွားရေးညွှန်းကိန်းများတွင် ရလဒ်ကောင်းများထွက်ပေါ်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics-NBS) ကပြောကြားခဲ့သည်ဟု သိရသည်။

မူဝါဒအစီအမံများ၏အထောက်အပံ့ကြောင့် တရုတ်စီးပွားရေးသည် တိုးတက်မှုရှိပြီး အပြုသဘောဆောင်သည့်အချက်များ ထပ်မံဖြစ်ပေါ်စေကာ ယေဘုယျအားဖြင့် တည်ငြိမ်သော တိုးတက်မှုကိုရရှိခဲ့ကြောင်း NBS ပြောရေးဆိုခွင့်ရှိသူ Fu Linghui က ၁၆-၁၂-၂၀၂၄ ရက်နေ့တွင်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့ကြောင်း သိရသည်။

အကြီးစားစက်ကိရိယာများကို အဆင့်မြှင့်တင်မှုများနှင့် လူသုံးကုန်ပစ္စည်းများ အဟောင်းပေးအသစ်ယူအစီအစဉ်များကြောင့် အရေးကြီးသည့်စီးပွားရေးညွှန်းကိန်းတစ်ခုဖြစ်သည့်တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များသည် နိုဝင်ဘာလတွင် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၄ရာခိုင်နှုန်း တိုးလာသည်ဟု NBS ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့ကြောင်း သိရသည်။

စက်ကိရိယာထုတ်လုပ်မှုကဏ္ဍ၏ ထုတ်လုပ်မှုသည် နိုဝင်ဘာလတွင်ပြီးခဲ့သည့်နှစ်က ထက် ၇ ဒသမ ၆ ရာခိုင်နှုန်းတက်လာပြီး ယခင်လထက် ၁ ရာခိုင်နှုန်းပိုမိုများပြားလာကာ စက်မှုလုပ်ငန်းအားလုံးပေါင်းတိုးတက်မှု၏ ထက်ဝက်နီးပါးရှိခဲ့သည်ဟု NBS ၏ အချက်အလက်များအရ သိရသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် purchasing managers' index သည် ပြီးခဲ့သည့်လက ၅၀ ဒသမ ၃ တွင်ရှိခဲ့ပြီး ယခင်လကထက် သုည ဒသမ ၂ ရာခိုင်နှုန်း တက်လာကြောင်း၊ အဆိုပါညွှန်းကိန်းသည် ၅ လဆက်တိုက်ကျဆင်း နေရာမှ အောက်တိုဘာလတွင် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

Fu သည် ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှု၌ဝယ်လိုအားတိုးလာခြင်းကို အလေးပေးပြောကြားခဲ့ကြောင်း၊ နိုင်ငံ၏ ပုံသေပိုင်ဆိုင်မှုရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၄ ခုနှစ်၊ ပထမ ၁၁ လတွင် တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာပြီး ယွမ် ၄၆ ဒသမ ၅၈၃၉ ထရီလီယံ (အမေရိကန် ဒေါ်လာ ၆ ဒသမ ၄၈ ထရီလီယံခန့်) အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှုသည် ယွမ် ၄ ဒသမ ၃၈ထရီလီယံ အထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု Fu ကပြောကြားကြောင်း၊ နိုင်ငံ၏လူသုံးကုန်ပစ္စည်းများကို အဟောင်းနှင့်အသစ်လဲလှယ်နိုင်သည့် အစီအစဉ်သည် ဆက်လက်အသက်ဝင်နေသဖြင့် အိမ်သုံးပစ္စည်းများနှင့်ရုပ်မြင်သံကြားစက်၊ ပရိဘောဂ၊ မော်တော်ကားနှင့်ဆောက်လုပ်ရေးနှင့် အလှဆင်ပစ္စည်းများ၏ လက်လီရောင်းချမှုများသည် ၂၂ ဒသမ ၂ ရာ ခိုင်နှုန်း၊ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုဆိုင်ရာအညွှန်းကိန်းသည် နိုဝင်ဘာလတွင် တစ်နှစ်ထက် တစ်နှစ် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း NBS ၏ အချက်အလက်များအရသိရှိရပြီး အချက်အလက်များကို ထပ်မံခွဲခြားကြည့်ပါက သတင်းအချက်အလက်ပေးပို့မှု၊ ဆော့ဖ်ဝဲလ်နှင့်အိုင်တီဝန်ဆောင်မှုဆိုင်ရာအညွှန်းကိန်းခွဲများသည် တစ်နှစ်ထက်တစ်နှစ် ၉ ဒသမ ၃ရာခိုင်နှုန်း တိုးတက်ကြောင်း သိရသည်။

ငှားရမ်းမှုနှင့် စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုများတွင် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကာ ငွေကြေးဝန်ဆောင်မှုကဏ္ဍတွင် ၈ ဒသမ ၈ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ဆက်လက်မြင့်တက်နေကြောင်းနှင့် ပထမ ၁၁ လတွင် နည်းပညာမြင့်ကုန်ထုတ်လုပ်ငန်း၏ ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလတစ်လတည်း၌ တရုတ်နိုင်ငံ၏စွမ်းအင်သစ်မော်တော်ယာဉ်၊စက်မှုလုပ်ငန်းသုံးစက်ရုံများနှင့် ဆားကစ်ပြားများ ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၅၁ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ပြီး နိုင်ငံ၏ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောအသွင်ကူးပြောင်းမှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

သို့သော်လည်း နိုင်ငံတကာပတ်ဝန်းကျင်သည် ရှုပ်ထွေးပြီးစိန်ခေါ်မှုများရှိနေသေးကြောင်း၊ လာမည့်အဆင့်တွင် ပြန်လည်နာလန်ထူမှုကို မြှင့်တင်ရန်၊ ဖွံ့စည်းပုံကိုပိုမိုကောင်းမွန်စေရေးဆောင်ရွက်ရန်နှင့်အရည်အသွေးမြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက်မူဝါဒအမျိုးမျိုးကိုလုံလုံလောက်လောက်နှင့် ထိထိရောက်ရောက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်းလည်း Fu က ပြောကြားခဲ့သည်ဟု သိရသည်။

၁၆-၁၂-၂၀၂၄ ရက်နေ့တွင် တရုတ်အစိုးရသည် နိုင်ငံ၏လက်လီရောင်းချမှုလုပ်ငန်းကို လာမည့်ငါးနှစ်အတွင်း ခေတ်မီစေရေးဆောင်ရွက်မည့် အစီအမံများကို အလေးပေးဖော်ပြသည့် စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများကို ပေးနိုင်သော ခေတ်မီလက်လီရောင်းချမှုစနစ်တစ်ရပ်ကို စတင်ဖွဲ့စည်းသွားရန်နှင့် ၂၀၂၉ ခုနှစ်၌ စမတ်ကျ၍ အဆင်ပြေပြီး စိမ်းလန်းသောစနစ်ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Source:** https://english.news.cn/20241216/a09cee20a7eb4407af8e9844513b205c/c.html

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/

## ဟောင်ကောင်ဒေသဈေးကွက်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးပြောကြား

ဟောင်ကောင်ဒေသအနေဖြင့် risk assessmentနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများပေးခြင်းဖြင့် အရှေ့အလယ်ပိုင်း ဈေးကွက်သို့ ချဲ့ထွင်နိုင်မည်ဖြစ်သည်ဟု ဟောင်ကောင်ဒေသအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီး Paul Chan က ပြောကြားခဲ့ကြောင်း rthk သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် တွင် "HK has role to play for Middle East businesses: FS" ခေါင်းစဉ်ဖြင့်ရေးသား ဖော်ပြထားပါသည်။

ဘဏ္ဍာရေးဝန်ကြီးသည် ပုံမှန်ဈေးကွက်များအကြားချိတ်ဆက်မှု ပိုမိုခိုင်မာစေရန်၊ဈေးကွက်နှင့် အရင်းအနှီးရင်းမြစ်အသစ်များရှာဖွေဖော်ထုတ်ရန် ၂၀၂၄ ခုနှစ်အတွင်း ဥရောပ၊ အမေရိကန်၊ ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်းဒေသများသို့သွားရောက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းမှကုမ္ပဏီများသည် တရုတ်ပြည်မ၊ ဟောင်ကောင်နှင့်အခြားသော အာရှဒေသ ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန် လျက်ရှိကြောင်း၊ လုပ်ငန်းများသည် တစ်နိုင်ငံ စနစ်နှစ်မျိုး ကျင့်သုံးမှု၏ အခြေအနေမှန်နှင့် ၎င်းတို့လုပ်ငန်းများ တရုတ်ပြည်မ၌ သွားရောက်ရင်းနှီးမြှုပ်နှံမှုအတွက် ဟောင်ကောင်ဒေသအနေဖြင့် လုပ်ဆောင်ပေးနိုင်မည့် အခြေအနေကို သိရှိကြောင်း rthk သတင်းဌာန၏ မူဝါဒရေးရာအစီအစဉ်၌ဘဏ္ဍာရေးဝန်ကြီး ကပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ထို့ပြင် အနောက်နိုင်ငံမီဒီယာများတွင် ဝေဖန်မှုများရှိနေသော်လည်း ဥရောပနှင့် အမေရိကန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများမှာ ဟောင်ကောင်ဒေသသို့ ဆက်လက်ဝင်ရောက်လျက်ရှိကြောင်း၊ဒေသအစိုးရအနေဖြင့်လည်း ဒေသစီးပွားရေးမြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဆောင်ရွက်ချက်များတွင် တရုတ်ပြည်မမှ ဟောင်ကောင်ဒေသသို့ တစ်ဦးချင်းခရီးသွားလာရောက်ခြင်းအစီအစဉ် ခွင့်ပြုသည့်မြို့များပိုမိုတိုးချဲ့ပေးရန်နှင့်၎င်းတို့ ၏ duty-free allowance တိုးမြှင့်ရန် တရုတ်ပြည်မမှ တာဝန်ရှိသူများနှင့်ဆွေးနွေးခြင်း၊ ၂၀၂၂ ခုနှစ်မှစ၍ လုပ်ငန်းကြီးများကို ဟောင်ကောင်ဒေသသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်ခြင်း၊ အရည်အချင်းရှိသူများ ပြောင်းရွှေ့ဝင်ရောက်ရေးအစီအစဉ်ဖြင့် ကမ်းလှမ်းခြင်းနှင့်အခမ်းအနားများကျင်းပခြင်းတို့ပါဝင်ကြောင်း ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ ပေကျင်းမြို့။**

https://myantrade.gov.mm/

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဝါသီးနှံရာသီ၏ ပထမ နှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု ၃ ဆတိုးတက်

ယခုနှစ် အောက်တိုဘာလမှစတင်သော ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဝါသီးနှံရာသီ၏ ပထမနှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု ၃ ဆတိုးတက်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်က ဖော်ပြသည်။

ယခုနှစ် နိုဝင်ဘာလကုန်အထိ အဆိုပါဖိုင်ဘာသီးနှံအား (၁၇၀ ကီလိုဂရမ်ပါ) ဘေထုပ် ၉ သိန်း (တန်ချိန် ၁ ဒသမ ၅၃ သိန်း) တင်သွင်းခဲ့ကြောင်း အိန္ဒိယဝါနှင့်ချည်မျှင်အသင်း (The Cotton Association of India-CAI) မှ နောက်ဆုံးရရှိသော အချက်အလက်များ အရသိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလအတွင်း ကမ္ဘာ့ဈေးကွက်တွင် ဝါဂွမ်းဈေးနှုန်းများကျဆင်းခဲ့သဖြင့် ဝါကြိတ်စက်ရုံများအနေဖြင့် ဝါဂွမ်းများတင်သွင်းရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ ဝါဂွမ်းများမှာ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလက တင်သွင်းရန် စာချုပ် ချုပ်ဆိုခဲ့သော ဝါဂွမ်းဘေထုပ် ၄ ဒသမ ၅ သိန်းခန့်သည် အချိန်အနည်းငယ်နောက်ကျပြီးမှ အောက်တိုဘာလတွင် ရောက်ရှိခဲ့ကြောင်း CAI ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်။

နိုဝင်ဘာလကုန်ပိုင်းအထိ အိန္ဒိယဆိပ်ကမ်းများသို့ ဝါဘေထုပ် ၉ သိန်းရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသို့ ဝါတင်သွင်းမှု ဘေထုပ် ၂၅ သိန်းခန့်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က ဘေထုပ် ၁၅ ဒသမ ၂၀ သိန်းသာ တင်သွင်းခဲ့သည့်အတွက် တင်သွင်းမှုတိုးမြင့်လာခဲ့ကြောင်း CAI က ခန့်မှန်းထားသည်။

ကမ္ဘာ့ဝါဈေးနှုန်းများကျဆင်းလာခြင်း၊ ပြည်တွင်း ဝါစိုက်ဧရိယာကျဆင်းပြီး၊ ပြည်နယ်အများအပြားတွင် ရာသီဥတုဖေါက်ပြန်မှုကြောင့် ဝါအထွက်နှင့် အရည်အသွေးကို ထိခိုက်စေမှုတို့ကြောင့် ယင်းကဲ့သို့ ဝါကို ပြည်ပမှဝယ်ယူတင်သွင်းမှုတိုးမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ဝါထုတ်လုပ်မှုသည် ဘေထုပ်ပေါင်း ၃၀၂ ဒသမ ၂၅ သိန်း (တန်ချိန် ၅ ဒသမ ၁၄ သန်းခန့်) သာရှိပြီး လွန်ခဲ့သောနှစ်က ၃၂၅ ဒသမ ၂၉ သိန်း (တန်ချိန် ၅ ဒသမ ၅၃ သန်းခန့်) ထုတ်လုပ်ခဲ့၍ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ဝါထွက်ရှိမှုနည်းပါးပြီး ဝါကြိတ်စက်များမှဝယ်ယူမှုလျော့ကျလျက်ရှိသကဲ့သို့ပြည်တွင်းဝါဈေးနှုန်းများသည် ကမ္ဘာ့ဈေးကွက်ဈေးနှုန်းများနှင့်အတူ လိုက်ပါကျဆင်းလာလျက်ရှိကြောင်း သိရသည်။

ဝါဈေးနှုန်းများသည် အစိုးရ၏အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းအောက်သို့ ကျဆင်းလာသည့်အတွက် အစိုးရပိုင်အိန္ဒိယဝါနှင့်ချည်မျှင်ကော်ပိုရေးရှင်း (Cotton Corporation of India)သည် တောင်သူများထံမှဝါကိုအများဆုံးဝယ်ယူပေးခဲ့ပြီး၊ ဒီဇင်ဘာလ လလယ်အထိ ဝါဘေထုပ်ပေါင်း ၃၁ သိန်းကျော် ဝယ်ယူပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ် ရာသီအတွက် ဝါဖိနှိပ်မှု ဘေထုပ်ပေါင်း ၃၀၂ ဒသမ ၂၅ သိန်းခန့်ရှိမည်ဟု CAI က ခန့်မှန်းထားသည်။

ယခုနှစ် နိုဝင်ဘာလကုန်အထိ စုစုပေါင်း ဝါရောင်းလိုအားသည် ယခင်နှစ်စာရင်းဖွင့်လက်ကျန် ဘေထုပ် ၃၀ ဒသမ ၁၉ သိန်း၊ တင်သွင်းမှု ဘေထုပ် ၉ သိန်းနှင့် ဖိနှိပ်မှု ဘေထုပ် ၆၉ ဒသမ ၂၂ သိန်းခန့်အပါအဝင် ဘေထုပ်ပေါင်း ၁၀၈ ဒသမ ၄၁ သိန်းရှိမည် ဟု ခန့်မှန်းထားသည်။

ယခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်ပသို့ ဝါတင်ပို့ရောင်းချမှု ဘေထုပ် ၄ သိန်းရှိကာ ပြီးခဲ့သည့်ရာသီကာလတူက ဘေထုပ် ၃ သိန်းသာတင်ပို့ခဲ့သည့်အတွက် တင်ပို့မှု တိုးမြင့်လာခဲ့သည်။

သို့သော် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဝါတင်ပို့မှုကို ကြည့်လျှင် ဘေထုပ် ၁၈ သိန်းသာရှိပြီး လွန်ခဲ့သောနှစ်ကဘေထုပ် ၂၈ ဒသမ ၃၆ သိန်းကျော်တင်ပို့ခဲ့သည့်အတွက်တင်ပို့မှုဘေထုပ် ၁၀ ဒသမ ၃၆ သိန်း သို့မဟုတ် ၃၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလကုန်အထိ ဝါလက်ကျန်မှာ ဘေထုပ် ၅၀ ဒသမ ၄၁ သိန်းခန့်ရှိကာ ဘေထုပ် ၂၈ ဒသမ ၄၁ သိန်းမှာ အထည်ရက်စက်ရုံများအတွက်လည်းကောင်း၊ ကျန် ဘေထုပ် ၂၂ သိန်းမှာ အိန္ဒိယဝါ နှင့် ချည်မျှင်ကော်ပိုရေးရှင်း၊ Maharashtra Federation နှင့် MNC များ၊ ကုန်သည်များ နှင့် ဝါပြုပြင်ထုတ်လုပ်သူများအတွက်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးဆုံးမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရာသီအတွက် ဝါစုစုပေါင်းရောင်းလိုအားကို ဘေထုပ် ၃၅၇ ဒသမ ၄၄ သိန်း (တန်ချိန် ၆ သန်းခန့်) ရှိမည်ဟု CAI က ခန့်မှန်းထားသည်။

ယင်းပမာဏတွင် စာရင်းဖွင့်လက်ကျန် ဘေထုပ် ၃၀ ဒသမ ၁၉ သန်း၊ ဖိနှိပ်မှုအရေအတွက် ဘေထုပ် ၃၀၂ ဒသမ ၂၅ သိန်းနှင့် ပြည်ပမှ တင်သွင်းမှု ဘေထုပ် ၂၅ သိန်းခန့်တို့ပါဝင်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ဝါစိုက်ပျိုးမှု ဧရိယာကျဆင်းခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဝါအထွက်နှုန်းနှင့် အရည်အသွေးထိခိုက်ခြင်းနှင့် ပြည်တွင်း ဝါဈေးနှုန်းများကျဆင်းခြင်းတို့ကြောင့် ဝါကို ပြည်ပမှ ဝယ်ယူတင်သွင်းမှု ၃ ဆခန့်တိုးမြင့်လာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသို့ လက်ရှိတင်ပို့ရောင်းချလျက်ရှိသောနိုင်ငံများနှင့်ဈေးနှုန်းနှင့်အရည်အသွေးအရယှဉ်ပြိုင်ရောင်းချပေးနိုင်မည်ဆိုပါက ပြည်တွင်းသုံးစွဲမှုမှပိုလျှံသောမြန်မာ့ဝါဂွမ်းများကို တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း သိရသည်။

**Source: The Hindu Businessline, India's cotton imports up three-fold till Nov-end at 9 lakh bales, December 18, 2024.**

**စီးပွားရေးသံမှူး၊ ကော်လကတ္တားမြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် မြင့်မားလျက်ရှိသော်လည်း ကုန်ကြမ်းရှားပါးလျက်ရှိ

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ယခုနှစ် ၁၁ လအတွင်း တန်ဖိုးမြင့်မားခဲ့သော် လည်း ပို့ကုန်ထုတ်ကုန်များ ပြုပြင်ရန်အတွက် သီဟိုဠ်စေ့ကုန်ကြမ်းပမာဏအများအပြား တင်သွင်းနေရဆဲ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကော်ဖီ၊ဟင်းသီးဟင်းရွက်နှင့်ဆန်တို့နှင့်အတူ ယခုနှစ် ၁၁ လအတွင်း သီဟိုဠ်စေ့တင်ပို့မှုမှာ တန်ချိန် ၆၆၉,၀၀၀ ရှိပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်အလားတူကာလထက် ပို့ကုန်ပမာဏမှာ ၁၅ ဒသမ ၂ ရာခိုင်နှုန်းနှင့်တန်ဖိုးအားဖြင့် ၂၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး (GSO) ၏ အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် အဓိကအားဖြင့် W320 ၊ W240 ၊ W180 သီဟိုဠ်စေ့အမျိုးအစားများတင်ပို့ပြီး စုစုပေါင်းပမာဏ၏ ၆၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းရှိပါသည်။

ဗီယက်နမ်သည် မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့သီဟိုဠ်စေ့တင်ပို့မှုဈေးကွက်ရှိဦးဆောင်နေမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး ဤကဏ္ဍမှ ပို့ကုန်ဝင်ငွေနှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံမှ ၄ ဘီလီယံအကြားရှိကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် ဗီယက်နမ်၏သီဟိုဠ်စေ့လုပ်ငန်းသည်ကမ္ဘောဒီးယားနှင့်အာဖရိကနိုင်ငံအချို့ကဲ့သို့သောအခြားနိုင်ငံများနှင့် ဒေသများပြိုင်ဆိုင်မှုများနှင့်အတူ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်ကြောင်းဖော်ပြထားသည်။

စက်မှုလုပ်ငန်းသည် ယခုနှစ် ၁၁ လအတွင်း ပြည်ပပို့ကုန်များ အတွက် သီဟိုဠ်စေ့ကုန်ကြမ်း တင်သွင်းခြင်းအတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်သုံးစွဲခဲ့ရကြောင်း၊ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံရရှိရန်အတွက် ကုန်ကြမ်းတင်သွင်းမှုအပေါ် မှီခိုနေရသောကြောင့် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ သန်း ၉၈၀ သာရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

သီဟိုဠ်စေ့စက်ရုံများသည် ပြည်ပသို့တင်ပို့ရန်အတွက် နှစ်စဉ်သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၃ သန်းမှ ၃ ဒသမ၅ သန်းခန့်လိုအပ်ပြီး ပြည်တွင်း၌ သီဟိုဠ်အကြမ်းထွက်ရှိမှုမှာ တန်ချိန် ၃၀၀,၀၀၀ မှ ၃၅၀,၀၀၀ ခန့်သာရှိကာ လိုအပ်ချက်၏ ၁၀ရာခိုင်နှုန်းခန့်သာရှိကြောင်း ရေးသားဖော်ပြထားသည်။

ပြည်တွင်းကုန်ကြမ်းရှားပါးမှုသည် သီဟိုဠ်စေ့လုပ်ငန်းအတွက်အသစ်အဆန်းမဟုတ်ကြောင်း၊၂၀၂၃ခုနှစ်တွင်စက်မှုလုပ်ငန်းသည် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄ ဘီလီယံရရှိခဲ့ပြီးကုန်ကြမ်းတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ကြောင့်စက်မှု လုပ်ငန်း၏ ကုန်သွယ်မှုပိုငွေသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄၅၀ သန်းသာရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ၃ ဘီလီယံအထိ မျှော်မှန်းထားပြီးသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၎င်းသည် သီဟိုဠ်စေ့လုပ်ငန်းအတွက် အဓိကစိန်ခေါ်မှုများဖြစ်ပြီး ယခုနှစ်အစမှစတင်၍ ပြည်ပမှတင်သွင်းသော သီဟိုဠ်စေ့ကုန်ကြမ်းဈေးနှုန်းများမြင့်တက်လာခဲ့ပြီး သီဟိုဠ်စေ့လုပ်ငန်းအများအပြား၏ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၁၅၊ အပိုဒ် ၁၄ တွင် အပင်အခြေခံ အစားအစာတင်သွင်းမှုသည် ဗီယက်နမ် နိုင်ငံ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီသောအစားအစာဘေးကင်းရေးစနစ်ရှိသောနိုင်ငံများမှ တင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဗီယက်နမ်၏ သီဟိုဠ်စေ့ကုန်ကြမ်း ၈၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးသည့် အာဖရိကနိုင်ငံများသည် အဆိုပါစာရင်းတွင် မပါဝင်ကြောင်း ရေးသားဖော်ပြထားသည်။

ဆိုလိုသည်မှာအာဖရိကမှတင်သွင်းလာသောသီဟိုဠ်စေ့အားလုံးကိုပြည်ပသို့တင်ပို့ရန်အတွက်သာ အသုံးပြုနိုင်ပြီး ပြည်တွင်း ဈေးကွက်တွင် မည်သည့်အကြောင်းကြောင့်မျှရောင်းချ၍မရပေ။ဗီယက်နမ်သီဟိုဠ်စေ့အသင်းမှ သီဟိုဠ်စေ့ပို့လျှံစာရင်းကိုကောင်း စွာစီမံမခန့်ခွဲနိုင်ပါက ကုမ္ပဏီများအနေဖြင့်ဆုံးရှုံးမှုဖြစ်စေကာ ဒေဝါလီခံရနိုင်ဖွယ်အခြေအနေများအား အစိုးရထံအဆိုပြုထား ကြောင်း သိရသည်။

သီဟိုဠ်စေ့စိုက်ပျိုးသူများ၏ ဝင်ငွေသည် လက်ရှိတွင် တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၄၀ သန်းခန့်သာရှိပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဈေးနှုန်းတည်ငြိမ်လုနီးပါးဖြစ်ခဲ့ကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက ငရုတ်ကောင်းစိုက်ပျိုးသူများ၏ ဝင်ငွေသည် တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၅၀၀ မှ ၆၀၀ သန်းအထိ မြင့်မားကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ကုမ္ပဏီများအနေဖြင့် ပို့ကုန်မြှင့်တင်ရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် တည်ရှိမှုအားကောင်းစေရန် စီမံဆောင်ရွက်သင့်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက်မရှိမဖြစ်လိုအပ်သော သီဟိုဠ်စေ့ကုန်ကြမ်းရရှိ မှုသေချာစေရန်အတွက် စိုက်ပျိုးဧရိယာများချဲ့ထွင်ရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်ရာ ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ကုန်ကြမ်းလိုအပ်နေသည့် ဈေးကွက်သို့ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ အနက် သီဟိုဠ်စေ့ကုန်ကြမ်းတင်ပို့လိုသူများအတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်မည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း သိရသည်။

**Source: Vietnam News**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (24.12.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,703 (Shares) | 8,481,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,200 | 339 | 2,798,500 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 204 | 652,800 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 106 | 890,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 141 | 274,950 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 1,459 | 2,417,350 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,300 | 4,400 | 4,300 | 15 | 65,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 439 | 1,382,850 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.37 | +0.60 | +0.15% | 390.77 | 391.40 | 388.53 | 2,703 | 8,481,850 | 8 | 738,204 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 2,703 (Shares) | 8,481,850 (MMK) |

## Main Board

As of 1:00 pm, 24th Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,703 (Shares) | 8,481,850 (MMK) |

| MYANPIX | 391.37 ▲ 0.60 |
|---|---|
| Total Volume (shares) | 2,703 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 738,204 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,400 | ▼ 100 |
| MAEX | 00008 | 3,150 | ▲ 50 |